(ခ) ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ရုံး/ဌာန ဝန်ထမ်းများ မဖြစ်မနေသိရှိထားရန် အချက်များနှင့် အချင်းချင်းအသိပေး သတိပေးပြောကြားရမည့်အချက်များ

အောက်ဖော်ပြပါအချက်များသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်(၂၃.၃.၂၀၂၀)ရက်နေ့မှစတင်ကာ ရောဂါဖြစ်ပွားကူးစက်မှုပုံစံများနှင့်ပတ်သက်၍ သိရှိထားရသည့်အချက်များဖြစ်ပြီး လုပ်ငန်းခွင်အတွင်းရှိ ကြီးကြပ်သူ၊ တာဝန်ရှိသူများမှ မိမိတို့၏ဝန်ထမ်းများကို အမြဲတမ်းအသိပေး၊ သတိပေး ပြောကြားနေရမည့်အချက်များဖြစ်ပါသည်။ ဝန်ထမ်းအချင်းချင်းမှလည်း တစ်ဦးကိုတစ်ဦး ကာကွယ်ရေးနည်းလမ်းများနှင့်ပတ်သက်၍ အမြဲတမ်း အသိပေး၊ သတိပေး ပြောကြားကြရန်ဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့ရသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးရှိသောသူများ၏ (၆၅) ရာခိုင်နှုန်းမှ (၈၃)ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသဘဲ သာမန်အတိုင်း နေကောင်းကျန်းမာစွာရှိနေသဖြင့် အမြင်အားဖြင့် မည်သူ့ထံတွင် ရောဂါပိုးရှိသည်ကို မသိနိုင်ပါ၊

**ရောဂါလက္ခဏာတစ်စုံတစ်ရာမပြသူများထံမှ ရောဂါကူးစက်လာနိုင်ခြေရှိသည်ကို ရုံး/ဌာနဆိုင်ရာတာဝန်ရှိသူများ/ဝန်ထမ်းများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် မဖြစ်မနေရုံး/ဌာန အပြင်ထွက်၍ တာဝန်ထမ်းဆောင်ရသူများအနေဖြင့် အမြဲသတိပြု ကာကွယ်ရမည်ဖြစ်ပါသည်။**

(၂) လူတစ်ဦးမှတစ်ဦးသို့ အဓိကကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုပုံစံ (Major Modes of Transmission) အနေဖြင့် (၂)မျိုးတွေ့ရပါသည်။ ပထမကူးစက်မှုပုံစံမှာ အသက်ရှူ လမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ကူး စက်စေခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူ အသက်ရှူထုတ်ခြင်း၊ စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့ပြုလုပ်ရာမှတစ်ဆင့် လေထဲပျံ့လွင့်နိုင်သော ကိုရိုနာဗိုင်းရပ်စ်ပိုးပါဝင်နိုင်သည့်အစက်အမှုန် (Droplets) များနှင့် လေထဲတွင်လွင့်မျောပျံ့နှံ့နိုင်သည့် အလွန်သေးငယ်သည့်အစက်အမှုန်(Aerosols) များသည် ၎င်းတို့၏ပါးစပ်နှင့်နှာခေါင်းမှတစ်ဆင့် ထွက်ရှိကာ အခြားသူများ၏ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးတို့အတွင်း ဝင်ရောက်၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါအဆင့်ဆင့်ကူးစက်ပြန့်ပွားစေပါသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးပါဝင်နိုင်သည့် အစက်အမှုန်(Droplets)များသည် သာမန်အသက်ရှူထုတ်ခြင်းမှ တစ်ဆင့်အနီးပတ်ဝန်းကျင်(၅)ပေခန့်အထိ ရောက်ရှိနိုင်ပြီးစကားကို ကျယ်လောင်စွာပြောကြားခြင်း၊ သီချင်းဆိုခြင်းဖြင့် ပိုမိုကွာဝေးသည့်အကွာအဝေးအထိ ရောက်ရှိနိုင်ပါသည်။ ဗိုင်းရပ်စ်ပိုးပါဝင်နိုင်သည့် အစက်အမှုန်များသည် ချောင်းဆိုးခြင်းမှတစ်ဆင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်း အရှိန်ဖြင့် (၆)ပေခွဲခန့်အထိလည်းကောင်း၊ နှာချေခြင်းမှတစ်ဆင့်